# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 28 , 2023 Volume 72, Number 19

၂၈.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၁၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၄၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၉.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၁.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၁.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၇.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၁၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ၂၀၂၃ ခုနှစ် စစ်ချွမ်း-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံချင့်မြူနီစီပယ်အစိုးရ၊ နိုင်ငံခြားရေးရာဌာန၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ချုံချင့်မြို့တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် ၂၀၂၃ ခုနှစ် စစ်ချွမ်း-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (2023 Sichuan-Chongqing & Mekong Countries Sub-National Cooperation Forum) သို့ တက်ရောက်ခဲ့ပါသည်။

မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကို အကျိုးဖြစ်ထွန်းစေရန်၊ စီးပွားရေးနှင့်ကုန်သွယ်ရေး ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်နှင့် ချုံချင့်ဒေသနှင့်မဲခေါင်ဒေသခွဲနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်စေရေး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ဖိုရမ်ကိုကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ဖိုရမ်အကြိုအစီအစဉ်အနေဖြင့် စစ်ချွမ်း-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ၏ ထုတ်ကုန်ပြပွဲကို နိုဝင်ဘာလ ၂၂ ရက်နေ့ ဒေသစံတော်ချိန် ညနေ (၃) နာရီတွင် ချုံချင့်မြို့ရှိ Guanyinqiao အရောင်းစင်တာ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစီအစဉ်သို့ တရုတ်နိုင်ငံနှင့်၏မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊

ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်သည့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဗိုလ်ငွေးတို့နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ပါသည်။ ယင်းနေ့ညနေပိုင်းတွင် ချုံချင့်မြို့တော်ဝန်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲကို ချုံချင့်မြို့ရှိ Wudu ဟိုတယ်၌ကျင်းပခဲ့ရာ ဖိတ်ကြားထားသည့် တရုတ်နိုင်ငံနှင့်မဲခေါင်ဒေသခွဲ နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် စစ်ချွမ်း-ချုံချင့်ဒေသနှင့်မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၃ ရက်နေ့၊ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ချုံချင့်မြို့ရှိ နိုင်ငံခြားရေးရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်နိုင်ငံနှင့်မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်ခေါင်းဆောင်များနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက အမှာစကား ပြောကြားခဲ့ပါသည်။ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ချုံချင့်ဒေသနှင့်မဲခေါင်နိုင်ငံများအကြား ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အတူတကွပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုနိုင်ရေးအတွက် ယခုဖိုရမ်ကိုကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းခိုင်မာစေပြီး စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဖိုရမ်တွင် ဆွေးနွေးမှုများသည် တရုတ်နိုင်ငံနှင့် မဲခေါင်ဒေသခွဲနိုင်ငံများအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံပြီး နောင်အနာဂတ်တွင် ပိုမိုကြီးမားသော စီးပွားရေးပေါင်းစည်းမှုများကို လုပ်ဆောင်နိုင်ရန်မျှော်လင့်ပါကြောင်း၊ ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၊ မဲခေါင်ဒေသခွဲနိုင်ငံများနှင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံရှိ ချုံချင့်ဒေသအပါအဝင် မဲခေါင်ဒေသခွဲနိုင်ငံများအကြား အပြန်အလှန် ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် အလားအလာရှိသောကုန်စည်များကို ဖော်ထုတ်တင်ပို့ရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ ပို့ကုန်လုပ်ငန်းရှင်များနှင့် တင်သွင်းသူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက် အရေးကြီး ပါကြောင်းနှင့် တရုတ်နိုင်ငံနှင့်မဲခေါင်ဒေသခွဲနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းရှင်များအကြား ထိတွေ့ဆက်ဆံမှုကို ပိုမိုအရှိန်မြှင့် တင်ရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။

နိုဝင်ဘာလ ၂၃ ရက်နေ့၊ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် Bishan ခရိုင်ရှိ New World ဟိုတယ်၌ ကျင်းပသည့် ဖိုရမ် အစီအစဉ်၌ တရုတ်နိုင်ငံနှင့်မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ မြို့တော်ဝန်များနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကျော်ဆန်းက တက်ရောက်ဆွေးနွေးခဲ့ပါသည်။ မြို့တော်ဝန် ဦးကျော်ဆန်းက မန္တလေးမြို့တော်၏ ဖွံ့ဖြိုး တိုးတက်မှုအခြေအနေများ၊ ကုန်သွယ်မှုလမ်းကြောင်းနှင့် ကုန်ထုတ်လုပ်မှုအတွက် အရေးပါမှုများ၊ မန္တလေးနှင့် ပုဂံမြို့များ အပါအဝင် ဆက်စပ်ဒေသများ၏ ခရီးသွားလုပ်ငန်းများ၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်၍ အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဖိုရမ်သို့ တက်ရောက်နေသော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ချုံချင့်မြို့ရှိ မော်တော်ယာဉ် ပြခန်းစင်တာ၊ ချုံချင့်မြို့ပြစီမံကိန်းဆိုင်ရာ ပြခန်း၊ ချုံချင့်မြို့ရှိ နိုင်ငံ တကာထောက်ပံ့ပို့ဆောင်ရေးပြခန်းများသို့ သွားရောက် လေ့လာခဲ့ကြပါသည်။

၂၀၂၃ ခုနှစ် စစ်ချွမ်း-ချုံချင့်ဒေသနှင့် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့်အတူ ချုံချင့် ဒုတိယမြို့တော်ဝန်၊ စစ်ချွမ်းပြည်နယ်လွှတ်တော် အမြဲတမ်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ၊ အာဆီယံ-တရုတ်ဗဟိုဌာန၏ အထွေထွေအတွင်းရေးမှူးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လာအိုနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၊ ထိုင်းနိုင်ငံ စီးပွားရေးကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗီယက်နမ်နိုင်ငံ Bang ပြည်နယ် ဒုတိယအတွင်းရေးမှူးတို့နှင့် တရုတ်နိုင်ငံနှင့်မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ ဧည့်သည်

တော်များ၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် စုစုပေါင်းကိုယ်စားလှယ်ဦးရေ (၃၀၀) ခန့် တက်ရောက်ခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ နေ့လယ်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်အတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးတို့နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## ကြက်သွန်နီအသစ်များပေါ်နေပြီဖြစ်၍ ကြက်သွန်ဈေးကွက် အငြိမ်ပိုင်းတွင်ရှိနေ



ပြည်တွင်းစားသုံးသူဈေးကွက်တွင် ကြက်သွန်နီများပေါ်နေပြီဖြစ်ပြီး ပြည်ပဝယ်ယူမှုမရှိသဖြင့် ကြက်သွန်နီဈေးကွက်မှာ အငြိမ်ပိုင်းတွင်ရှိနေကြောင်း မန္တလေးကြက်သွန်နီပွဲရုံများမှ သိရသည်။

လက်ရှိတွင် မြစ်သားနှင့်ကျောက်ဆည်မှ ကြက်သွန်နီအသစ်များ မန္တလေးဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး အမျိုး အစားပေါ်မူတည်၍ ဈေးနှုန်းကွဲပြားသည်ဟုဆိုသည်။ "အသစ်တွေပေါ်တာရယ်၊ ပြည်ပလိုင်းက အဝယ်မရှိတာရယ်ကြောင့် ဈေးကတော့ငြိမ်နေတယ်။ ကြက်သွန်နီအဟောင်းကလည်း မရှိသလောက်နည်းသွားသလို အညှောင့်တွေပေါက်နေတော့ ဈေးတန်းမဝင်တော့ဘူး။ အသစ်ပဲ အရောင်းအဝယ်လုပ်နေကြတယ်ဟု မန္တလေးမြို့၊ ၂၈ လမ်းမှ ကြက်သွန်ပွဲရုံတစ်ခုကပြောသည်။

လက်ရှိမန္တလေးဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာ လက်ကားဈေးများမှာ အဟောင်း ၂၅၀၀-၃၀၀၀ ကျပ် ဝန်းကျင်ရှိပြီး အသစ် ၂၀၀၀-၂၅၀၀ ကျပ် ဝန်းကျင်ရှိကြောင်းသိရပြီး မြစ်သားနှင့်ကျောက်ဆည်၊ မုံရွာနယ်များမှ ကြက်သွန်နီများဖြစ်ကြောင်း သိရသည်။ "ကြက်သွန်နီအသစ်တွေက မရင့်သေးဘဲ တူးပြီးဈေးကွက်တင်တာတွေရှိတယ်။ အဲဒါတွေက ဈေးသိပ်မရဘူး။ ပြည်တွင်းစားသုံးသူဈေးကွက်ကိုဘဲ အဓိကထားရောင်းနေရတော့ ဈေးတန်းက အငြိမ်ပိုင်းပဲသွားမယ်လို့ ခန့်မှန်းပါတယ်" ဟု ၎င်းကပြောသည်။

**Source:** မကွေးဂျာနယ်

## ပြည်တွင်းဆန်ဈေး ဆက်တိုက်မြင့်တက်

လတ်တလော ပြည်တွင်းဆန်ဈေး ဆက်တိုက်မြင့်တက်လာနေပြီး လက်လီဈေးကွက်တွင် ဆန်တစ်အိတ်ဈေး ယခင်ထက် ကျပ် ၁၅၀၀၀ ဝန်းကျင်အထိ ဈေးမြင့်တက်နေကြောင်း သိရသည်။

ပြည်တွင်းဆန် လက်လီဈေးကွက်တွင် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ မြောင်းမြပုသိမ်ပေါ်ဆန်း(သစ်)တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ ဖျာပုံပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ ဒေးဒရဲ ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ ပေါ်ဆန်းနယ်စုံတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ ကြာပျံရှယ် တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ ပေါ်ဆန်းသစ်ရှယ်တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ရက် ၉၀ (ဟောင်း)တစ်အိတ်လျှင် ကျပ် ၇၂၀၀၀၊ သီးထပ်ရှယ်ဟောင်း တစ်အိတ်လျှင် ကျပ် ၆၆၀၀၀၊ ငစိန်တစ်အိတ်လျှင် ကျပ် ၆၆၀၀၀၊ သီးပုရှယ် (ဟောင်း) တစ်အိတ်လျှင် ကျပ် ၆၈၀၀၀ ညော့မထ(ဟောင်း) တစ်အိတ်လျှင် ကျပ် ၆၉၀၀၀၊ ကြမ်း(EX) တစ်အိတ်လျှင် ကျပ် ၄၈၅၀၀ အထိ မြင့်တက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ စာရင်းများအရ သိရသည်။

ပြည်တွင်းဆန်ဈေးကွက် ဆန်ဈေးနှုန်းများအရ ဆန်ကြမ်း၊ ဆန်ချော အမျိုးအစားများအားလုံး ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ ပြည်တွင်းတွင် ဆန်စပါးအဓိက စိုက်ပျိုးရာဒေသများတွင် မတည်ငြိမ်မှုများကြောင့် စိုက်ပျိုးထုတ်လုပ်မှု

နည်းပါးလာခဲ့ပြီး ပြည်ပဆန်ဝယ်လိုအား မြင့်တက်လာသည့်အခြေအနေကြောင့် ဈေးမြင့်တက်လျက်ရှိနေကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းဆန်ကို ပြည်ပနိုင်ငံများဖြစ်သည့် အာဆီယံဒေသတွင်းနိုင်ငံများအပြင် ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိနေကြောင်းသိရသည်။

Source: https://t.me/sdtimedaily

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခုနှစ်လအတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုဒေါ်လာ ၅၀၇၂ သန်းကျော်ရှိခဲ့ပြီး တရုတ်ဘက်မှ သွင်းကုန်တန်ဖိုး ဒေါ်လာ ၃၃၂၇ သန်းကျော်တင်သွင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၇)လအတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုဒေါ်လာ ၅၀၇၂ သန်းကျော်ရှိခဲ့ပြီး တရုတ်ဘက်မှ သွင်းကုန်တန်ဖိုးဒေါ်လာ ၃၃၂၇ သန်းကျော် တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုဒေါ်လာ ၁၁၈၈ သန်းကျော်ရှိပြီး စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၂၉ ရာခိုင်နှုန်းကျော်ရှိကြောင်း စီမံကိန်း၊ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှဇွန်လအထိ ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ ပို့ကုန်ဒေါ်လာ ၉၄၈ ဒသမ ၁၅ သန်းတင်ပို့ထားသည်။ ဇူလိုင်မှစက်တင်ဘာအထိ ဒုတိယသုံးလပတ်အတွင်း တရုတ်နိုင်ငံသို့ ပို့ကုန်တန်ဖိုး ဒေါ်လာ ၇၉၁ ဒသမ ၅၅ သန်းတင်ပို့ထားသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အောက်တိုဘာမှဒီဇင်ဘာအထိ တတိယသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်ဒေါ်လာ ၉၀၆ ဒသမ ၁၇ သန်းတင်ပို့ထားသည်။ စတုတ္ထသုံးလပတ်ဖြစ်သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီမှမတ်လအတွင်း ဒေါ်လာ ၁၁၈၈ ဒသမ ၆၅ သန်း တင်ပို့ထားသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလကုန်အထိအတွင်း မြန်မာနိုင်ငံသို့သွင်းကုန်အများဆုံး တင်သွင်းထားသည့်နိုင်ငံများတွင် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဂျပန်နှင့် အမေရိကန်တို့ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံးတင်သွင်းမှုအနေဖြင့် တရုတ်နိုင်ငံမှ ဒေါ်လာ ၄၆၄၇ ဒသမ ၁၀သန်း၊ စင်ကာပူမှ ဒေါ်လာ ၂၆၀၄ ဒသမ၂၂ သန်း၊ ထိုင်းနိုင်ငံမှ ဒေါ်လာ ၁၉၈၀ ဒသမ၈၉ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၁၆၄ ဒသမ ၅၁ သန်း၊ မလေးရှားနိုင်ငံမှ ဒေါ်လာ ၇၈၇ ဒသမ ၃၄ သန်း၊ အိန္ဒိယနိုင်ငံမှ ဒေါ်လာ ၃၈၆ ဒသမ ၅၄ သန်း၊ တောင်ကိုရီးယားနိုင်ငံမှ ဒေါ်လာ ၃၇၆ ဒသမ ၈၅ သန်း၊ ဗီယက်နမ်နိုင်ငံမှ ၅၈ သန်း၊ ဂျပန်နိုင်ငံမှ ဒေါ်လာ ၃၅၂ ဒသမ ၄၆ သန်းနှင့် အမေရိကန်မှ ဒေါ်လာ၂၂၇ ဒသမ ၃၂ သန်းတင်သွင်းထားသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆ ဒသမ ၀၇၉ ဘီလျံရှိသည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၅ ဒသမ ၉၇၁ ဘီလျံအထိရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၀၈ ဒသမ ၇၅၆ သန်း ပိုမိုရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တု တွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော(CMP)နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိသည်။ မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/284691

TIR

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၀-၁၁-၂၀၂၃ မှ ၂၄-၁၁-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၃၆၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၅၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၂၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၄၀၀ ၊မြင်းခြံရှယ် ကျပ် ၃၇၀၀ မြင်းခြံလတ်ကြီး ကျပ် ၃၅၀၀၊ မြင်းခြံလတ်သန့် ကျပ် ၃၁၀၀၊ မြင်းခြံလတ်ချော ကျပ် ၂၃၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်းဆိပ်ဖြူရှယ် ကျပ် ၂၅၀၊ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး မြင်းခြံရှယ် ကျပ် ၂၀၀ ၊ မြင်းခြံ လတ်ကြီး ကျပ် ၁၀၀၊ မြင်းခြံလတ်သန့် ကျပ် ၂၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၄၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၁ စီး(၆၀၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၈ စီး (၆၄၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၇ စီး (၄၂၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၃၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၀၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၁၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၁၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၂၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၈၀၀ (၈၄၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၂၂၀၀ (၆၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၆၀၀ (၁၈၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၀-၁၁-၂၀၂၃ မှ ၂၄-၁၁-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲတစ်တန်ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၉၀၀၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၃၁၃၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၂၅၀၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၁၀၈၀၀၀ နှင့် မတ်ပဲ SQ/RC (2023 Crop) ကျပ် ၁၄၃၀၀၀ ဈေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/RC (2023 Crop) မှာဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၄၅ လုံး ( တန်ချိန် ၁၀၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2023 Crop) ကွန်တိန်နာ ၃၅ လုံး(တန်ချိန် ၈၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၉၀၀၀၊ မြားနီ ကျပ် ၉၀၀၀၊ အိမ်မဲ ကျပ် ၇၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေး အသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ဧရာတ်ရှည်အိတ်ပေါင်း ၂၇၀၀ (၅၄၀၀၀ ပိဿာ)နှင့် ဧရာတ်ပုအိတ်ပေါင်း ၂၀၀ (၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ဧရာတ်ရှည်အိတ်ပေါင်း ၂၅၀၀ (၅၄၀၀၀ ပိဿာ)နှင့် ဧရာတ်ပုအိတ်ပေါင်း ၃၀၀ (၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ဧရာတ်ရှည် အိတ်ပေါင်း ၂၀၀ (၄၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ဧရာတ်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**


ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၁၂၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများ ငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား (တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာမလိုင် (ဒုံး) ကျပ် ၄၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၁၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၅၇၀၀၊ ကြံသကာ(စစ်) ကျပ် ၄၂၀၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၃၈၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## STOCK EXCHANGE (28.11.2023)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data


As of 28th Nov. 2023

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,696 (Shares) | 11,071,100 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,700 | 8,800 | 8,700 | 26 | 226,500 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,950 | 2,900 | 1,902 | 5,515,850 | 38,929,150 | 112,895 |
| MCB | 00003 | 7,000 | -300 | -4.11% | 7,000 | 7,000 | 7,000 | 68 | 476,000 | 10,400,986 | 72,807 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,550 | 116 | 185,100 | 29,664,613 | 47,463 |
| TMH | 00005 | 2,450 | +50 | +2.08% | 2,450 | 2,450 | 2,400 | 389 | 943,050 | 12,823,224 | 31,417 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 200 | 400,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 1,985 | 3,275,600 | 23,804,946 | 40,468 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 28th Nov. 2023

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.66 | +0.45 | +0.12% | 362.27 | 364.66 | 362.27 | 4,696 | 11,071,100 | 8 | 687,808 |

Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 28th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 4,696 (Shares) | 11,071,100 (MMK) |

### Main Board

As of 1:00 pm, 28th Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,696 (Shares) | 11,071,100 (MMK) |

| MYANPIX | 364.66 ▲ 0.45 |
|---|---|
| Total Volume (shares) | 4,696 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 687,808 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,000 | ▼ 300 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 50 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |

TIR